# မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A

campaigns, advocacy & capacity-building for human rights & democracy

**အမှတ်စဉ် ၁၈** — **၂၀၁၈ခု အောက်တိုဘာ**

- ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင် အမည်မသိတိုက်ခိုက်သူများက ရဲတပ်ဖွဲ့ဝင်(၉)ဦးအား သတ်ဖြတ်ခဲ့မှုအတွက် တပ်မတော်မှ ရိုဟင်ဂျာနှင့် မွတ်စလင်တို့အား ပစ်မှတ်ထား ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။
- အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးမှုအပြီး တပ်မတော်နှင့် ရှမ်းပြည်တောင်ပိုင်း တပ်မတော်တို့အကြား နစ်ရက်ကျော်တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် (၂၀၀၀) ခန့် အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။
- တပ်မတော်မှ စိုက်ပျိုးရေးသင်တန်းတက်ရောက်ရန်လာသည့် ကချင်လူငယ် (၄၉)ဦးအား ဖမ်းဆီးခဲ့သည်။
- တပ်မတော်သည် မူးယစ်ဆေးဝါးဓါတ်ခွဲခန်းများကို လက်ခံခဲ့ပြီး မူးယစ်ကုန်သွယ်မှုတွင် ပါ ဝင်ပတ်သက်မှုရှိသည်ဟု စွပ်စွဲပြောဆိုခံရသည်။
- ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား လျာထားပြီးစီး။
- လွှတ်တော်မှ အရေးပေါ်ပြဋ္ဌာန်းချက်ဥပဒေ ပြန်လည်သုံးသပ်ရန် ငြင်းဆို။
- အသက်မပြည့်သေးသည့် အိမ်ဖော်မိန်းခလေးများအမှုကြောင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်(၄)ဦး နုတ်ထွက်။
- ဒတ်ချ်ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား ဗုဒ္ဓဘာသာတရားပွဲအား နှောင့်ယှက်မှုဖြင့် (၃)လကြာ ဖမ်းဆီးထောင်ချခဲ့သည်။
- ဒေါ်အောင်ဆန်းစုကြည်အား အသေရေဖျက်မှုဖြင့်လူ(၃)ဦးစွဲချက်တင်ခံရသည်။
- ချင်းတွင်းမြစ်အတွင်း ကူးတို့သင်္ဘောမှောက်၍ လူ(၇၂)ဦးသေဆုံးခဲ့သည်။
- မြန်မာနိုင်ငံအပေါ် စီးပွားပိတ်ဆို့ဒဏ်ခတ်မှု သမ္မတအိုဘားမား တရားဝင်ရုပ်သိမ်းခဲ့သည်။


ဤသတင်းလွှာတွင်

**ပင်မသတင်း -**

၁ မြောက်ပိုင်းရခိုင်ပြည်နယ် စစ်ရေးဇုံဖြစ်လာ

**ပါလီမန် စောင့်ကြည့်ရေး**

၂ အရေးပေါ်စီမံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေ

၃ ဧပြီလ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ

**တိုင်းရင်းသားရေးရာနှင့်ပဋိပက္ခများ**

၃ အပစ်အခတ်ရပ်ဆဲရေးစာချုပ်တွင် ပိုမိုပါဝင်လက်မှတ်ထိုးရန် ဒေါ်အောင်ဆန်းစုကြည် ခေါ်ယူ

၄ တပ်မတော်နှင့်အပစ်အခတ်လက်မှတ်ထိုးသူများအကြား တိုက်ပွဲများဖြစ်ပွား

၄ ဝပြည်တိုးတက်ရေးပါတီနှင့် မုံးကိုးအကြား ပိုမိုတင်းမာ

၄ ကရင်အမျိုးသားအစည်းအရုံးမှ ခွဲထွက်သည့် DKBA

**လူ့အခွင့်အရေး**

၅ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်(၄)ဦး အိမ်ဖော်အမှုကိစ္စကြောင့်ထုတ်ပယ်ခံရ

၅ ဒတ်ချ်ခရီးသွား ဗုဒ္ဓတရားပွဲအား စော်ကားမှုကြောင့် ပြစ်ဒဏ်ကျခံရ

၅ တပ်မတော်မှ စိုက်ပျိုးရေးသင်တန်းတက်ရောက်မည့် ကချင်လူငယ် (၄၉)ယောက်အား ဖမ်းဆီး

၆ ဒေါ်အောင်ဆန်းစုကြည်အား ပုတ်ခပ်စော်ကားမှုဖြင့် (၃)ဦးအား တရားစွဲဆို

**လူမှုထောက်ပံ့ရေး**

၆ စစ်ကိုင်းကူးတို့သင်္ဘော ကပ်ဘေး

**ရွှေ့ပြောင်းသူများ**

၇ ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များကို ပထမဆုံးပြန်ပို့

**မူးယစ်ဆေးဝါး**

၇ တပ်မတော်မှ ဘိန်းဖြူဓါတ်ခွဲခန်း (၁၀)ခုအား လက်ခံထား

**စီးပွားရေး**

၇ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု အမေရိကန် ရုပ်သိမ်းဖယ်ရှား

၈ **အစီရင်ခံစာများ**


---

*Receive the Burma Bulletin monthly!*
*Subscribe at altsean.org or eepurl.com/bE2nRT*

Follow us @Altsean
| Find us on Facebook


P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

## ပင်မသတင်း

**ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်ဆင်ရေးဇုံဖြစ်လာခြင်း**

အောက်တိုဘာ(၉)ရက် မောင်တောမြို့နယ်တပ်စခန်းအတွင်း လတ်တလောဖြစ်ပွားခဲ့သည့် ရဲစခန်း(၃)ခုအား အမည်မသိ လက်နက်ကိုင်များက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရဲတပ်သား(၉)ဦး သေဆုံးခဲ့သည်။ အစိုးရမှ မောင်တောဒေသအား စစ်ရေးဇုံအဖြစ်သတ်မှတ်ခဲ့ပြီး လူအများအား လိုက်လံဖမ်းဆီးမှုပြုလုပ်ခဲ့သည်။ တိုက်ခိုက်သူများမှာ အဖွဲ့ဝင်(၄၀၀)ရှိ မောင်တောဒေသ အကာလ်မူလ် မူဂျာဟီဒင်အဖွဲ့မှဖြစ်ကြောင်း သမ္မတရုံးမှထုတ်ပြန်ခဲ့သည်။ တရားဥပဒေစိုးမိုးမှုအောက်တွင် တရားမျှတသည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အောက်တိုဘာ(၁၂) ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားလိုက်သည်။ တိုက်ခိုက်မှုပြီးနောက် ရိုဟင်ဂျာအရပ်သားများကို လူသားမဆန်စွာပြုမူခဲ့သည်ဟု မီဒီယာနှင့်ဒေသခံလူ့အခွင့်အရေးအုပ်စုများက အစီရင်ခံတင်ပြကြသည်။ တပ်မတော်၏ နယ်မြေရှင်းလင်းရေးကာလအတွင်း အနည်းဆုံး(၃၃)ဦး သေဆုံးခဲ့ပြီး သေဆုံးခဲ့သူများမှာ တိုက်ခိုက်သူများမဟုတ်ပဲ ပြည်သူများသာဖြစ်ကြောင်း မောင်တောမြို့နယ်ဒေသခံများနှင့်ရပ်ရွာခေါင်းဆောင်များကတင်ပြခဲ့ကြသည်။ ယင်းအဖြစ်အပျက်တွင် အနည်းဆုံးလူ(၂)ဦးသေဆုံးခဲ့ပြီးတိုက်ခိုက်မှုနှင့် ပတ်သက်၍ ဆက်နွယ်မှုရှိသည့်(၅၁)ဦးအား ဖမ်းဆီးခဲ့သည်။ မောင်တောခရိုင်ရှိ ကြက်ရိုးပြင်၊ ပြောင်ပစ်(ငါးစားကြူး)၊ ဝါးပိတ် (ကျီးကန်ပြင်)တို့မှ ရာပေါင်းများစွာသော အိမ်နှင့်ဗလီများမီးရှို့ဖျက်ဆီးခံခဲ့ရသည်။ တန်ပြန်သောင်းကျန်းမှုစစ်ဆေးရေးကာလအတွင်း ပြည်နယ်လုံခြုံရေး ရဲတပ်ဖွဲ့များက ရိုဟင်ဂျာအမျိုးသမီး ဒါဇင်ပေါင်းများစွာကို အဓမ္မပြုကျင့်ခဲ့သည်။ အကူအညီပေးရေးအေဂျင်စီများ ခန့်မှန်းချက်အရ လူ(၁၅၀၀၀)ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ မြောက်ပိုင်းရခိုင်ပြည်နယ်ဒေသတွင် ရွာသားများသောင်းနှင့်ချီပြီး တားဆီးပိတ်ပင်ခံနေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်ဌာနမှ အစီရင်ခံတင်ပြထားသည်။

အောက်တိုဘာ (၂၄)ရက်နေ့က ကုလသမဂ္ဂအထူးကိုယ်စားလှယ်(၃)ဦး ပူးပေါင်းကာ မြောက်ပိုင်းရခိုင်ပြည်နယ် လူ့အခွင့်အရေးချိုးဖောက်မှုများအား အလေးထားဖြေရှင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ နိုင်ငံတော်သမ္မတရုံး၏ပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးက ချိုးဖောက်မှုများရှိသည်ဆိုခြင်းမှာ စွပ်စွဲပြောဆိုမှုသာဖြစ်ကြောင်းပြောပြီး အစီရင်ခံစာအား ပယ်ချခဲ့သည်။ အာဏာပိုင်များက ထောက်ပံ့မှုများကို ငြင်းဆန်တားမြစ်၍ နယ်မြေသို့ဝင်ခွင့်မပေးခြင်းမှာ ၎င်းတို့အား နေရပ်သို့ပြန်ပို့ရန်လိုခြင်းကြောင့် ဖြစ်ကြောင်း ဖြည့်စွက်ပြောဆိုခဲ့သည်။

ရခိုင်ပြည်နယ်လွှတ်တော်မှ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ANP)ပြည်ထောင်စုကြံခိုင်ရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရေးပါတီ (USDP)နှင့် အမျိုးသားအဖွဲ့ချုပ် (NLD)တို့မှ အဖွဲ့ဝင်များဖြင့် အောက်တိုဘာ (၂၆) ရက်နေ့ကဖွဲ့စည်းလိုက်သည်။ ကော်မရှင်၏ ရည်ရွယ်ချက်မှာ အဆိုပါတိုက်ခိုက်မှုမှ ထွက်ပြေးလွတ်မြောက်လာသည့် တိုင်းရင်းသားများကို ဌာနေပြန်ပို့ရေး ကူညီရန်ဟုဆိုသည်။ ဌာနေတိုင်းရင်းသားဆိုသည်မှာ မွတ်စလင်လူဦးရေကို ဖယ်ထုတ်၍ ဒေသတွင်းရှိ ရခိုင်ဗုဒ္ဓဘာသာဝင်များကိုသာ ရည်ညွှန်းရန် (ANP)မှ သတ်မှတ်ခဲ့သည်။

## ဒီမိုကရေစီနှင့်အုပ်ချုပ်ရေး

**ပါလီမန် အရေးပေါ်ဥပဒေပြဌာန်းချက်ပြဌာန်း နိုင်ငံတော်သမ္မတရင်းနှီးမြုပ်နှံမှုဥပဒေ လက်မှတ်ထိုး။**

အောက်တိုဘာ(၄)ရက်နေ့က ပြည်ထောင်စုပါလီမန်တွင် အရေးပေါ်စီမံမှုအက်ဥပဒေကိုဖျက်သိမ်းရန် မဲပေးခဲ့ကြသည်။ ၎င်းမှာ ယခင်စစ်အစိုးရမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပေါ် မကြာခဏ အသုံးပြုခဲ့သည့် ဥပဒေဖြစ်သည်။ အဆိုပါဥပဒေတွင် အာဏာပိုင်အရာရှိတစ်ဦးက စွဲချက်ပြည့်စုံခြင်းမရှိပဲ အရပ်သားများကို ဖမ်းဆီးနိုင်စွမ်းပေးထားသည်။ ယင်းဥပဒေဖျက်သိမ်းမှုကို ပြည်ထောင်စုလွှတ်တော်(၂)ရပ်လုံးမှ အဖွဲ့ဝင်များက နှစ်ပါတ်အတွင်း အတည်ပြုချမှတ်နိုင်ရန် ဆောင်ရွက်သွားမည်။ အဆိုပါအက်ဥပဒေအောက်တွင် အကျဉ်းကျခဲ့ကြသူများ၏ ပြစ်ဒဏ်ပေးမှုများကို ပြန်လည်သုံးသပ်ပေးရန် အစိုးရကို တက်ကြွလှုပ်ရှားသူများက တိုက်တွန်းခဲ့သည်။ သို့သော်အမည်မဖော်လိုသည့်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှ အကြမ်းဖက်လှုပ်ရှားမှုဖြင့် ထောင်ချခံနေရသည့် မွတ်စလင်(၂၀)ဦး၏အမှုအား ပြန်လည်စစ်ဆေးမည် မဟုတ်ကြောင်းမီဒီယာသို့ ပြောကြားခဲ့သည်။ ဩဂုတ်လက အရှေ့ပိုင်းရှမ်းပြည်နယ်၌ မင်္ဂလာဆောင်တစ်ခုသို့အသွား ယောကျာ်း(၁၈) ဦး၊ အမျိုးသမီး(၁)ဦးနှင့် အသက်(၁၅)နှစ် လူငယ်တစ်ဦးတို့အား ၂၀၁၄ခုနှစ် ဖမ်းဆီးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ထောင်ဒဏ် (၁၄)နှစ် ချမှတ်ခဲ့သည်။

အောက်တိုဘာ(၁၈)ရက်နေ့က နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေနှင့် မြန်မာတိုင်းရင်းသားများ ရင်းနှီးမြုပ်နှံမှုဥပဒေတို့ ပေါင်းစပ်ထားသော လိုအပ်သည့်ရင်းနှီးမြုပ်နှံမှုဥပဒေကို သမ္မတဦးထင်ကျော် လက်မှတ်ထိုးအတည်ပြုခဲ့သည်။ ဇန်နဝါရီ (၂၀၁၇)

မတိုင်မီ ဥပဒေအသစ်အတွက် နည်းဥပဒေများကို ရေးဆွဲသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးမှူးဦးစီးဌာနမှ အတွင်းရေးမှူးဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။ အသစ်ပြဌာန်းမည့်ဥပဒေအရ မက်လောက်မည့် အခွန်နှုန်းထားများမှာ အရေးပါသောကဏ္ဍများနှင့် ဖွံ့ဖြိုးတိုးတက်မှုအရအောက်ကျနေသော နေရာများတွင် မြှုပ်နှံသူများအတွက်သာဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြားဖြတ်ရွေးကောက်ပွဲကိုဧပြီလ (၁)ရက်နေ့ အား သတ်မှတ်**

အောက်တိုဘာ(၁၁)ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒနယ်(၁၈)နေရာအတွက် ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ခုနှစ် ဧပြီလ (၁)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။
၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲမလုပ်နိုင်ခဲ့သော မဲဆန္ဒနယ်များနှင့် အချို့အမတ်များ ကက်ဘိနက်ရာထူးတွင် ခန့်အပ်ခံရခြင်းကြောင့် လစ်လပ်သွားသည့် ပါလီမန်အမတ် (၁၉)နေရာတွင် ဖြည့်ဆည်းရန်ဖြစ်သည်။
အဓိကနိုင်ငံရေးပါတီကြီး (၂)ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ပြည်ထောင်စုနှင့်ဒေသဆိုင်ရာလွှတ်တော်နေရာများရှိ လစ်လပ်နေရာများအတွက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အတည်ပြုကြေညာထားသည်။
နိုဝင်ဘာ(၂၈)မှ ဒီဇင်ဘာ(၇)ရက်အတွင်း ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ရန် အောက်တိုဘာ (၁၉)ရက်နေ့က ရွေးကောက်ပွဲကော်မရှင်မှ ကြေညာခဲ့သည်။ အပြီးသပ် ကိုယ်စားလှယ်လောင်းစာရင်းအား ၂၀၁၇ ဇန်နဝါရီ(၂)ရက်နေ့တွင် ကော်မရှင်မှ ထုတ်ပြန်သွားမည်ဖြစ်သည်။ စည်းရုံးလှုံ့ဆော်မှုကာလကို ဇန်နဝါရီ (၃၀)ရက်မှ မတ်(၃၀)ရက်ထိ သတ်မှတ်ထားသည်။ ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများတွင် ဖေဖော်ဝါရီ(၁)ရက်နေ့မှ (၁၄)နေ့အထိ အသေးစိတ်နစ်ကြိမ်စစ်ဆေးပြီးမှ မဲပေးနိုင်သူစာရင်းအား ထုတ်ပြန်သွားမည်ဖြစ်သည်။

## တိုင်းရင်းသားရေးရာနှင့် ပဋိပက္ခ

**အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် သဘောတူညီချက်တွင် ပိုမိုပါဝင်လက်မှတ်ထိုးရန် ဒေါ်အောင်ဆန်းစုကြည်ခေါ်**

အောက်တိုဘာ(၁၅)ရက်နေ့က နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း တစ်နှစ်ပြည့်အခမ်းအနားတွင် အမျိုးသားရေးအဆင့်နိုင်ငံရေးတွေ့ဆုံပွဲမတိုင်မီ စာချုပ်တွင် လက်နက်ကိုင်အဖွဲ့များ ပိုမိုပါဝင်လာရန် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့မှ ဖိတ်ခေါ်ခဲ့သည်။ စည်းမျဉ်းစည်းကမ်းများမှာ အမျိုးသားနိုင်ငံရေးအဆင့် နိုင်ငံရေးဆွေးနွေးပွဲ NCA လက်မှတ်ထိုးသူများအတွက်သာဖြစ်သော်ငြားလည်း အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ထိုးထားသူရော မထိုးထားသူအဖွဲ့များမှ အဖွဲ့များအားလုံးပါဝင်သင့်ကြောင်းပြောခဲ့သည်။ အောက်တိုဘာ(၂၈)ရက်နေ့က နေပြည်တော်တွင် (၂)ရက်ကြာပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ (UPDJC)စည်းဝေးပွဲတွင် ကော်မတီဥက္ကဌဒေါ်အောင်ဆန်းကြည်မှ အမျိုးသားရေးအဆင့် နိုင်ငံရေးတွေ့ဆုံပွဲကိုစောနိုင်သမျှအစောဆုံး နိုဝင်ဘာလတွင် ကျင်းပရန်ရည်ရွယ်ကြောင်းကြေညာသည်။ NCAတွင်လက်မှတ်ရေးထိုးထားသည့် ရှမ်း၊ကရင်၊ချင်းတို့ပါဝင်သည့် တိုင်းရင်းသားဒေသများတွင် ပြည်နယ်အဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စဉ်ဆက်ပြုလုပ်ရန် ပြင်ဆင်မှုများစတင်ဆောင်ရွက်သွားမည်ဟု UNDJCမှ သဘောတူထားသည်။
ဤအတောအတွင်း အောက်တိုဘာ(၁၆)ရက်နေ့က NCAစာချုပ် (တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ်)လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် အဖွဲ့အစည်း(၇)ဖွဲ့ပါဝင်သည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေရသည့် (DPN)သည် ယင်းတို့မှNCAမထိုးမီ ပြီးပြည့်စုံလိုသောတောင်းဆိုချက်(၈)ချက်အနက် (၄)ချက်ကို အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် သဘောတူနိုင်ခဲ့ကြသည်။ DPN ကိုယ်စားလှယ်များပြောကြားရာတွင် သဘောတူညီမှုအဖြစ် သဘာဝအရင်းအမြစ်ကဏ္ဍကိစ္စများနှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဒေသခံပြည်သူများကို ကူညီဖြည့်ဆည်းပေးရန် ပူးပေါင်းဆောင်ရွက်မှုကိစ္စတို့ကိုရရှိခဲ့သည်။

**တပ်မတော်နှင့်အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးထားသည့် ရှမ်းပြည်တောင်ပိုင်းတပ်တို့တိုက်ပွဲဖြစ်**

အောက်တိုဘာ(၁)ရက်နေ့က တပ်မတော်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းသည် တနိုင်ငံလုံးပစ်ခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ထိုးထားသည့် အဖွဲ့ရဖွဲ့ထဲမှ တစ်ဖွဲ့ဖြစ်သည်။ (၂)ရက်ကြာတိုက်ပွဲမှာ ရှမ်းပြည်နယ်အလယ်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်းဖြစ်သည်။ တိုက်ပွဲကြောင့် အိမ်ခြေ (၂၀၀၀)ကျော်နေအိမ်များကို စွန့်ခွာခဲ့ရပြီး ဘုန်းကြီးကျောင်း(၂)ခုတွင် ယာယီခိုလှုံနေကြရသည်။ ယခုတိုက်ပွဲမှာ ၎င်းတို့နယ်မြေအတွင်း ဒေသခံတိုင်းရင်းသားများ စီမံခန့်ခွဲနေ

သည့် မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးစခန်းကို တပ်မတော်မှ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့်ဖြစ်သည်ဟု ရှမ်းပြည်တောင်ပိုင်းတပ်မတော်ပြောခွင့်ရ ဗိုလ်မှူးစိုင်းလမှ ပြောကြားခဲ့သည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်း၌ တင်းမာမှုများဆက်လက်ဖြစ်ပွား၊UWSA မှ အခြေအနေစိတ်ပူစရာမဟုတ်ကြောင်း ပြောဆို**

စက်တင်ဘာ(၂၈)ရက်နေ့က အင်အား(၆၀၀)ခန့်ရှိသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် မဟာမိတ်အဖွဲ့ဟု ယူဆရမည့်မိုင်းလားအဖွဲ့ဟု လူသိများသည့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA)ထိန်းချုပ်ရာနယ်မြေဒေသသို့ ဝင်ရောက်ခဲ့ကြောင်း ရှမ်းသံတော်ဆင့်သတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ အောက်တိုဘာ(၂၄)ရက်နေ့က မြန်မာအစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရန်အတွက်ဖွဲ့စည်းထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာမှUWSAသို့ တပ်များရုပ်သိမ်းပေးရန် စာပို့ခဲ့သည်။ တိုက်ပွားဖြစ်ပွားမှုများကြောင့် ဒါဇင်ကျော်သည့် မုန်ယောင်းဒေသခံများ တောင်ဘက်ရှိအုပ်ချုပ်ရေးရုံးစိုက်ရာ အရှေ့ပိုင်းရှမ်းပြည် ကျိုင်းတုံဘက်သို့ ထွက်ပြေးသွားခဲ့သည်။ အောက်တိုဘာ(၂၁)ရက်နေ့UWSAမှ ပြောကြားရာတွင် ၎င်းတို့မှNDAAစခန်းများအား သိမ်းယူထိန်းချုပ်ရန်လုပ်ဆောင်နေသည်ဆိုခြင်းမှာ နားလည်မှုလွဲစွာဖြင့် ဖော်ပြခြင်းသာဖြစ်ကြောင်း၊၎င်းတို့နှင့် ညီရင်းအစ်ကိုဆက်ဆံရေးရှိသော မဟာမိတ်နယ်မြေအတွင်း စစ်ရေးလေ့ကျင့်ခြင်း ပြုလုပ်ခြင်းသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**ကေအန်ယူနှင့် DKBA ခွဲထွက်အဖွဲ့တို့ ပြန်လည်ပေါင်းစည်းရန် တွေ့ဆုံဆွေးနွေးခြင်း**

အောက်တိုဘာ(၄)ရက်နေ့က အင်အားအကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)သည် တိုးတက်သောကရင်ဗုဒ္ဓဘာသာလက်နက်ကိုင် (DKBA)ခွဲထွက်အဖွဲ့အား ငြိမ်းချမ်းရေးပိုမိုခိုင်မာစေရန်အတွက် ၎င်းတို့နှင့်ပြန်လည်ပူးပေါင်းရန် ဖိတ်ခေါ်ခဲ့သည်။ ဇန်နဝါရီလ(၁၆)ရက်နေ့က ထုတ်ပြန်ထားသည့် များပြားသော တိုင်းရင်းသားအုပ်စုများအကြား လိုအပ်သည့်အခြေအနေ လွတ်လပ်သည့်အဖွဲ့တခုအဖြစ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းထုပ်ပြန်ထားသည့်ကြေငြာချက်ကို ဆန့်ကျင်လိုက်ခြင်းက ယခုဖိတ်ခေါ်ဆွေးနွေးမှုအားဖြစ်စေခဲ့သည်။ ယခုနှစ်အစောပိုင်းတွင် (DKBA-Benovelent)မှထွက်လာသည့် ခွဲထွက်အဖွဲ့ဖြစ်သည်။ ညီနိုင်းစေ့စပ်သူ DKBAမှ ကိုကျော်ကျော်က ၎င်းတို့အဖွဲ့သည် ကရင်ပြည်နယ်မြို့တော် ဖားအံတွင် KNUနှင့် တွေ့ဆုံမည့်ရက်ကိုအတည်ပြု သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

## အခြားဖြစ်ပေါ်တိုးတက်မှုများ

အောက်တိုဘာ(၁)ရက်။ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ပူဝမ်းရွာတွင် တပ်မတော်၏ လက်နယ်ကြီး ကျည်ဆံများကြောင့် အသက်(၂)နှစ်အရွယ် မိန်းကလေး(၁)ဦးသေဆုံး၍ အခြားကလေး(၂)ဦး ဒဏ်ရာရခဲ့သော်လည်း တပ်မတော်မှ တာဝန်ယူရန်ငြင်းဆန်ခဲ့သည်။

အောက်တိုဘာ(၆)ရက်။ မြစ်ကြီးနားခရိုင် ကချင်ပြည်နယ်တွင် တပ်မတော်မှ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) ရှေ့တန်းစခန်းများအားတိုက်လေယာဉ်(၂)စင်းအပြင် အမြောက်ကြီးများဖြင့်ပါ ဝေဟင်နှင့်မြေပြင်တိုက်ပွဲများ တဆက်တည်းတိုက်ခိုက်မှု စတင်ခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးမှု မည်မျှရှိခဲ့ကြောင်း မသိရှိရပါ။

အောက်တိုဘာ(၁၉)ရက်။ တပ်မတော်နှင့်နယ်ခြားစောင့်တပ် ပူးတွဲစစ်ရေးလှုပ်ရှားမှုနှင့် DKBA ခွဲထွက်တပ်တို့ ကရင်ပြည်နယ်၊ ကော့ကရိတ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ DKBA ခွဲထွက်အဖွဲ့ဝင်(၄)ဦးနှင့် ရွာသား(၁)ဦး ဒဏ်ရာရရှိကြောင်း သတင်းရရှိခဲ့သည်။

အောက်တိုဘာ(၂၆)ရက်။ ရှမ်းပြည်အလယ်ပိုင်း မိုင်းရှူးမြို့နယ်တွင် တပ်မတော်မှ ပစ်ခတ်မှုကြောင့် ရှမ်းအမျိုးသား (၁)ဦး သေဆုံးခဲ့ကြောင်း ၎င်းမောင်းနှင်လာသည့် စက်ဘီးအား စစ်ဆေးရေးဂိတ်တွင် ပုလိပ်မှရပ်တန့်ခိုင်းခဲ့ရာ အရှိန်မထိန်းနိုင်ပဲ ကျော်လွန်မောင်းနှင်သွားခဲ့ကာ နောက်စစ်ဆေးရေးဂိတ်အရောက်တွင် ပစ်သတ်ခံလိုက်ရကြောင်း ဒေသခံနန်းဆိုင်ဟိန်းက ပြောကြားခဲ့သည်။

## လူ့အခွင့်အရေး

**အသက်မပြည့် အိမ်အကူအမှုကြောင့် MNHRC အဖွဲ့ဝင်(၄)ဦး ထုတ်ပယ်ခံရ**

အောက်တိုဘာ(၆)ရက်တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်(၄)ဦးအား ထုတ်ပယ်လိုက်ကြောင်း သမ္မတရုံးမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။အသက်မပြည့်သည့် အိမ်အကူမိန်းကလေးများအား ညှဉ်းပန်းနှိပ်စက်သည့်အမှုကို လျော်ကြေးပေးကျေအေးစေခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခြင်းမရှိခဲ့သည့် MNHRCမှ မှားယွင်းစွာဘက်လိုက်ဆုံးဖြတ်ခဲ့မှုကို လူထုမကျေနပ်

ဖြစ်ခဲ့သည်။ ထုတ်ပယ်ခံလိုက်ရသူ ကော်မရှင်ဝင်(၄)ဦးမှာ ဦးဇော်ဝင်း၊ ဦးဉာဏ်ဇော်၊ဒေါ်သန်းနွယ်နှင့် ဒေါ်မြမြတို့ဖြစ်သည်။ အောက်တိုဘာ (၂၀)တွင် သက်ငယ်အနိုပ်စက်ခံတစ်ဦးဖြစ်သည့် မတင်တင်ခိုင်မှ တရားရုံးသို့ သူမ၏နာကျင်ခံစားရမှုအား သက်သေထွက်ဆိုခဲ့သည်။ မိန်းခလေးများ ညှဉ်းပန်းနှိပ်စက်ခံနေခြင်းကို အနီးဝန်းကျင်မှသိကြသော်လည်း အိမ်တွင်းရေးပြဿနာတစ်ခုအဖြစ် သဘောထားကာ မည်သူမျှ ကြားဝင်ခြင်းမရှိခဲ့ကြောင်း အင်းဝအေပ်ချုပ်ဆိုင်အနီးမှ ဦးကျော်စိုးက ပြောကြားခဲ့သည်။ ယင်းတရားစွဲဆိုမှုတွင် မျက်မြင်သက်သေ (၁၂) ယောက် ထပ်တိုးကာ ထွက်ဆိုမည်ဟု မျှော်လင့်ထားသည်။

**ဗုဒ္ဓဘာသာတရားပွဲအား နှောင့်ယှက်မှုဖြင့် မန္တလေးတရားရုံးမှ ဒတ်ချ်ဧည့်သည်ကို ထောင်သွင်းအကျဉ်းချ**

မန္တလေးတရားရုံးမှ အောက်တိုဘာ(၆)ရက်နေ့တွင် ဗုဒ္ဓတရားများဖွင့်နေသည့် အသံချဲ့စက်အား ပလပ်ဆွဲဖြုတ်ခဲ့သည့် ဒတ်ချ်ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား ထောင်ဒဏ် (၃)လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဒတ်ချ်ဧည့်သည် Klaas Haytema မှ ၄င်းနေထိုင်သည့်တည်းခိုခန်းအနီး အသံဆူညံနှောင့်ယှက်မှုကြောင့် အိမ်မရသည့်အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဘာသာရေးအခမ်းအနားပြုလုပ်နေခြင်းကို သတိမထားခဲ့မိကြောင်း တရားရုံးသို့ ပြောကြားခဲ့သည်။

**စိုက်ပျိုးရေးသင်တန်းသွားသည့်ကချင်လူငယ်(၄၉)ဦးအား တပ်မတော်မှ ဖမ်းဆီး**

အောက်တိုဘာ(၁၁)ရက်နေ့က ကချင်လက်နက်ကိုင်တပ်တွင် စစ်ရေးသင်တန်းတက်ရောက်သွားသည်ဆိုသည့် စွပ်စွဲချက်ဖြင့် KIAထိန်းချုပ်နယ်မြေဖြစ်သည့် နယ်စပ်မိုက်ဂျာယန်ဒေသတွင် ကချင်လူငယ်(၄၉)ဦးအား တရားဥပဒေမဲ့အဖွဲ့အစည်းကိုဆက်သွယ်သည့်ပုဒ်မဖြင့် ဖမ်းဆီးခဲ့သည်။ ၄င်းအုပ်စုသည် ပူတာအိုမှ စိုက်ပျိုးရေးသင်တန်းတက်ရောက်ပြီး ပြန်လာကာ ဗန်းမော်မြို့နယ်တွင်အဖမ်းခံရခြင်းဖြစ်သည်။ အပြစ်ရှိကြောင်းတွေ့ရှိပါကအနည်းဆုံးထောင်ဒဏ်(၂)နှစ်ကျခံရမည်ဖြစ်ည်။

**ဒေါ်အောင်ဆန်းစုကြည်အား အကြည်ညိုပျက်စေမှုဖြင့် လူ(၃)ဦးအား NLDမှ အမှုဖွင့်တိုင်ကြား**

နေပြည်တော်တွင် ဦးဌေးမြင့်နှင့် ဦးအောင်မြင့်သန်းအား ပါတီဥက္ကဌဒေါ်အောင်ဆန်းကြည်အား အကြည်ညိုပျက်စေမှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမှုဖွင့်တိုင်ကြားခဲ့သည်။ ဆဲဆိုခဲ့သူနှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ၂၉၄ (ညစ်ညမ်းဆဲဆိုမှု)၊ ၅၀၀(အကြည်ညိုပျက်စေမှု)၊ ၅၀၀(ခ)(အထိတ်တလန့်ဖြစ်စေမှု)တို့ဖြင့် အရေးယူရန် အမှုဖွင့်ထားသည်။
အရက်သောက်နေစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အား သတ်ပစ်ဖွယ်ရာကောင်းကြောင်း ကျိန်ဆဲဟစ်အော်ခဲ့သည်။ ၄င်းတို့သည် ကုန်ဈေးနှုန်းမြင့်မားလာခြင်းကိုလည်း အမျက်ဒေါသထွက်ခဲ့ကြသည်။ အခြားအမှု(၁)ခုတွင် မလင်းလဲ့လဲ့လှိုင် အသက်(၁၈)နှစ် မှ မစန္ဒီမြင့်အောင်(၁၉)နှစ်ကို လူမှုစာမျက်နှာ(FB)တွင် ဒေါ်အောင်ဆန်းစုကြည်အား ညစ်ညမ်းစွာဆဲဆိုမှုဖြင့် တိုင်ကြားခဲ့သည်။ မစန္ဒီမြင့်အောင်သည် ၆၆(ဃ) ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူခံထားရသည်။

**အခြားဖြစ်ပေါ်တိုးတက်မှုများ**

အောက်တိုဘာ(၂၀)။ ကမ္ဘာ့တရားမျှတရေးစီမံကိန်းမှ နှစ်ပတ်လည်တရားဥပဒေစိုးမိုးရေးညွှန်းကိန်းဖော်ပြရာ(၁၁၃)နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့်(၉၈) တွင်ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် (၁၀၂)တွင် အဆင့် (၉၂)ရှိခဲ့ကြောင်းဖော်ပြသည်။

## လူသားချင်းစာနာမှုဆိုင်ရာ

---

**စစ်ကိုင်းကူးတို့အွန္တရာယ် ၇၃ ဦးသေဆုံး**

အောက်တိုဘာ(၁၅)ရက်နေ့က စစ်ကိုင်းတိုင်း ကနီမြို့တွင် ပုဂ္ဂလိကပိုင်ကူးတို့သင်္ဘောသည် ဟုမ္မလင်းမှ မုံရွာသို့ ခရီးသည်ပို့ဆောင်စဉ် ချင်းတွင်းမြစ်အတွင်းနစ်မြုပ်ခဲ့သည်။ အောက်တိုဘာ(၂၁)ရက်တွင် ခရီးသည် (၁၅၉)ဦးကို ကယ်ဆယ်နိုင်၍ (၇၃)ယောက်သေဆုံးပြီး (၆၄)ဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များမှ ကြေညာခဲ့သည်။ အသက်ရှင်ကျန်သူများက သင်္ဘောသည် လူနှင့်ကုန်စည် ဝန်ပိုတင်ဆောင်ထားသည်ဟုပြောသည်။ ၄င်းတို့ဖြည့်စွက်ပြောကြားချက်မှာ ရေယာဉ်သည် လိုင်စင်အရ ခရီးသည်(၃၆)ဦးသာတင်ဆောင်ခွင့်ရှိသော်လည်း (၃၀၀)ကျော် သယ်ဆောင်လာခြင်းဖြစ်သည်။ (ရကစ)ခေါ် ပုဂ္ဂလိက ရေယာဉ်ကြီးကြပ်ရေးကော်မတီသည် ဝန်ပိုတင်သည်ကို လစ်လျူပြုခဲ့သည်။ ရဲမှ ရေယာဉ်ဝန်ထမ်း(၄)ဦးအားဖမ်းဆီးခဲ့သည်။

## အခြားဖွံ့ဖြိုးမှုများ

 အောက်တိုဘာ(၂၇)။ ရန်ကုန်မြို့နေ အသက်(၃၂)နှစ်အရွယ် ကိုယ်ဝန်ဆောင်နိုင်ငံခြားသူတစ်ဦး ဇီကာရောဂါဖြစ်ပွားကြောင်း တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ဖြစ်ပွားမှု ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

## သဘာဝ သယံဇာတများ

### ဖွံ့ဖြိုးတိုးတက်မှုများ

အောက်တိုဘာ (၁၀)။ (၁၇၅)တန်မှ (၂၁၀)တန်ချိန်ရှိ ကြီးမားသည့်ကျောက်စိမ်းအရိုင်းတုံးကို ကချင်ပြည်နယ်၊ဖားကန့်မြို့ ကျောက်မိုင်းတွင်တွေ့ရှိခဲ့သည်။ အစိုးရပိုင်မြန်မာ့ကျောက်မျက်ဌာနမှ မြန်မာကျပ်ငွေ ၇ဘီလီယံ(အမေရိကန် ၆ မီလီယံ) တန်ဖိုးဖြတ်ထားသည်။ အပြည်ပြည်ဆိုင်ရာလေ့လာသူများကမူ အမေရိကန်ဒေါ်လာသန်း(၁၇၀)ထိရနိုင်မည်ဟုခန့်မှန်းထားသည်။ မူလပိုင်ရှင်များအနေဖြင့် ကျောက်ရိုင်းတုံးရွှေ့ပြောင်းရန် ကိရိယာမရှိသေးသည့်အတွက် ၎င်းနေရာတွင်သာ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အစိုးရမှ ကြေညာခဲ့သည်။

အောက်တိုဘာ(၁၇)။ ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ် တရုတ်နိုင်ငံသား(၄)ဦးအား တရားမဝင် ဆီလီကာသတ္တု (silica) ခိုးထုတ်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့(၄)ဦးသည် တရပ်ကား (၂)စီးဖြင့် ဆီလီကာသတ္တုများသယ်ယူနေစဉ် အဖမ်းခံရခြင်းဖြစ်သည်။

## အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများ

### ထိုင်းနိုင်ငံမှ မြန်မာဒုက္ခသည်များ ပြန်ရောက်

အောက်တိုဘာ(၂၄)ရက်နေ့က ထိုင်းမြန်မာနယ်စပ်တလျှောက် ဒုက္ခသည်စခန်းတွင်နေထိုင်ကြသည့် ကရင်ဒုက္ခသည်(၆၈)ယောက်ကို UNHCRမှ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြဝတီနှင့်ကော့ကရိတ်သို့ ပြန်ပို့ခဲ့သည်။ ထိုင်းနိုင်ငံတွင် နှစ် ၂၀ ကျော်ကြာ နေထိုင်နေကြသော မှတ်ပုံတင်ထားသည့် မြန်မာဒုက္ခသည် (၁၂၀၀၀၀)ကျော်ရှိသည့်အနက် ကိုယ်ပိုင်သဘောဆန္ဒဖြင့် တရားဝင်နေရပ်ပြန်သည့် ပထမအုပ်စုဖြစ်သည်။ ထိုင်းနှင့် မြန်မာအစိုးရတို့၏ ပထမဆုံးအကြိမ် သဘောတူခွင့်ပြုချက်ဖြစ်သောကြောင့် ယခုဖြစ်စဉ်ကို UNHCRမှ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ သို့သော် အချို့လူ့အခွင့်အရေးအုပ်စုများက ပြန်ပို့ခြင်းကိစ္စသည် အနည်းငယ်စောနေသေးကြောင်း (DKBA)နှင့်တပ်မတော်၊ နယ်ခြားစောင့်တပ်တို့အကြား တိုက်ပွဲများဖြစ်ပွားနေပြီး မြေမြှုပ်မိုင်းများရှိနေသေးကြောင်းလည်း ဝေဖန်ထောက်ပြကြသည်။

### အခြားဖွံ့ဖြိုးတိုးတက်မှုများ

အောက်တိုဘာ(၁၀)ရက်။ ၂၀၁၅ခုနှစ် အောက်တိုဘာ(၁၅) မှ ၂၀၁၆ခုနှစ် စက်တင်ဘာအထိ အမေရိကန်သို့ အခြေချနေထိုင်သူ တတိယအကြီးဆုံးအုပ်စုမှာ ြ မန်မာနိုင်ငံသားဒုက္ခသည်များဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနမှ လေ့လာတွေ့ရှိခဲ့သည်။ အခြေချနေထိုင်သူ ၇၂ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြောင်း သိရသည်။

## တပ်မတော်

### တပ်မတော် လက်ခံထားသည့် တောတွင်း မူးယစ်ဓါတ်ခွဲခန်း(၁၀)ခု

တပ်မတော်မှ အရှေ့ပိုင်းရှမ်းပြည်နယ်တွင်ဘိန်းဖြူနှင့် စိတ်ကြွဆေးများထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်နေသည့် ဒေသခံပြည်သူ့စစ်အဖွဲ့များအား ကာကွယ်ပေးနေသည့်အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု ပိုမိုကြီးထွားရန် အထောက်အကူဖြစ်နေကြောင်း လားဟူအမျိုးသားဖွံ့ဖြိုးရေးအဖွဲ့ (LNDO)မှ အောက်တိုဘာ (၂၇) ရက်နေ့ကအစီရင်ခံတင်ပြခဲ့သည်။ နေပြည်တော် မူးယစ်ဆေးစွဲမှုပြဿနာဟု အမည်ရသောအစီရင်ခံစာတွင် တပ်မတော်သည် မူးယစ်ဆေးသန့်စင်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်သန့်စင်ပြီး မူးယစ်ဆေးများဖြန့်ဖြူးသူများထံ ပို့ဆောင်ခြင်းတို့မှ အကျိုးအမြတ်များသည့်အပြင် တောတွင်း ဘိန်းဖြူနှင့် စိတ်ကြွဆေးထုတ်လုပ်သည့် ရွှေ့လျားဓါတ်ခွဲခန်း အနည်းဆုံး(၁၀)ခုကို လက်ခံထားပေးကြောင်း ဖော်ပြပါရှိသည်။

## စီးပွားရေး

### မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှု အမေရိကန် တရားဝင် ရုပ်သိမ်း

ဒေါ်အောင်ဆန်းစုကြည်၏ စက်တင်ဘာခရီးစဉ်အတွင်း တွေ့ဆုံခဲ့ပြီးနောက် အောက်တိုဘာ(၇)ရက်နေ့ကတရားဝင်စီမံခန့်ခွဲမှုအမိန့်ဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုကို သမ္မတဘာရက်ခ်အိုဘာမားက လက်မှတ်ထိုး ရုပ်သိမ်းခဲ့သည်။ ပိတ်ဆို့မှုရုပ်သိမ်းပြီးနောက် အမေရိကန်ဘဏ္ဍာရေးဌာနမှ အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် ပုဂ္ဂလိကအမည်ပျက်စာရင်း(၁၀၀)ကျော်တွင်ပါဝင်နေသေးသည့် ကျန်သော ခရိုနီလုပ်ငန်းရှင်များ၊ စစ်တပ်နှင့်ပတ်သက်နေသည့်စီးပွားရေးလုပ်ငန်းရှင်များကိုပါ ဖယ်ရှားလိုက်သည်။

### အခြားဖွံ့ဖြိုးမှုများ

အောက်တိုဘာ(၇)ရက်။ စီမံကိန်း‌ဝန်ကြီးဌာနမှ အများပြည်သူများအကျိုးငှာ အစိုးရ၏ဘဏ္ဍာရေးမူဝါဒနှင့် မတူညီသည့်ကဏ္ဍများတွင်ပါဝင်သောအသေးစိတ်ဘတ်ဂျက် နိုင်ငံသားတို့ရသုံးငွေရှင်းတမ်း ကို ရှင်းလင်းစွာဖေါ်ပြထားပြီး ပထမဦးဆုံးအကြိမ် ထုတ်ပြန်ခဲ့သည်။အဆိုပါနိုင်ငံသားဘတ်ဂျက်ရှင်းတမ်းတွင်၂၀၁၁၂၀၁၂ဘဏ္ဍာနှစ် ဘတ်ဂျက်လိုငွေပြမှုနှင့် မတူကွဲပြားသောအကြွေးများကိုလည်း ရှင်းလင်းစွာဖော်ပြထားသည်။

အောက်တိုဘာ(၂၂)ရက်။ နေပြည်တော်တွင် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံခြားအလှူရှင်များ၊သံတမန်များ၊ရင်းနှီးမြုပ်နှံသူများကို လက်ခံတွေ့ဆုံစဉ် ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံသူများကို မြန်မာ့စီးပွားရေးစနစ်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်သိတာဝန်ယူတတ်မှုရှိစေရမည်ဟု အမြင့်မားဆုံးကတိကဝတ်ပြုခဲ့သည်။ မထိစပ်ရသေးသည့် စီးပွားရေးကဏ္ဍများအတွက်လည်း ရှင်းလင်းသည့် မူဘောင်များနှင့် အခွင့်အလမ်းများရရှိစေရမည်ဟု ကတိပြုခဲ့သည်။

အောက်တိုဘာ(၂၆)ရက်။ စီးပွားရေးလုပ်ကိုင်ရ လွယ်ကူသည့်နိုင်ငံစာရင်း (၁၉၀)တွင် မြန်မာနိုင်ငံသည် အဆင့်(၁၇၀)တွင်ရှိကြောင်း ကမ္ဘာ့ဘဏ်နှစ်ပတ်လည် အစီရင်ခံစာတွင်ဖေါ်ပြထားသည်။ ပြီးခဲ့သည့်နှစ်က အဆင့် (၁၇၁)ဖြစ်သည်ဟုလည်း အစီရင်ခံစာတွင် ဖေါ်ပြပါရှိသည်။
၎င်းအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်မှု လွယ်ကူစေရန် ကုမ္ပဏီမှတ်ပုံတင်ခြင်းစရိတ်များ လျှော့ချစေခြင်း၊ထောက်ခံချက်ကုမ္ပဏီတစ်ခုထည့်သွင်းရန်နှင့် ရာဇ ဝတ်မှုကင်းရှင်းကြောင်းလိုအပ်ချက်များကိုပယ်ဖျက်ရန်တို့ ဖြစ်ကြောင်းတင်ပြထားသည်။ ထို့အပြင် မြန်မာပြည်အတွက် နိုင်ငံခြားကုန်သွယ်မှု ့ ပိုမိုခက်ခဲစေသည့်အချက်မှာ မြင့်မားသည့်ကုန်ကျစားရိတ်၊ရန်ကုန်ဆိပ်ကမ်းတွင် ပိတ်ကြပ်မှုဖြင့် အချိန်နှောင့်နှေးခြင်းများကြောင့်ဖြစ်သည်ဟု မှတ်ချက်ပြုထားသည်။

## နိုင်ငံတကာဆက်ဆံရေး

### ဖွံ့ဖြိုးမှုများ

အောက်တိုဘာ (၁၅-၁၇)။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊တောင်အာဖရိကတို ပေါင်းစပ်ထားသည့် စီးပွားရေးအုပ်စု (BRICS) နှင့် ဘင်္ဂလားပင်လယ်အော်ဒေသနိုင်ငံများ၏ နည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(BIMSTEC) အစည်းအဝေးများသို့ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းကြည် တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေး တက်ရောက်စဉ်ကာလအတွင်း အခြားနိုင်ငံခေါင်းဆောင်များဖြစ်သည့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၊ အိန္ဒိယသမ္မတ ပရာနက်မူခါဂျီ၊ သီရိလင်္ကာသမ္မတ မိုင်သရီပါလာစီရီစေနာ၊ တရုတ်သမ္မတ ရှီကျင်ပင်းတို့နှင့်ပါ တွေ့ဆုံခဲ့သည်။
အောက်တိုဘာ(၁၉)။ ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယခရီးစဉ်အတွင်း မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ(၃)ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီမှုများမှာ အာမခံလုပ်ငန်း၊ လျှပ်စစ်စွမ်းအင်နှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့ဖြစ်သည်။